

# ဆရာတော် အရှင်အာစာရ၏
# အတ္ထုပ္ပတ္တိအကျဉ်း

**ဖွားမြင်ခြင်း**

ဆရာတော် အရှင်အာစာရကို ၁၉၇၂-ခုနှစ် မတ်လ(၁၄)ရက် တနင်္ဂနွေနေ့တွင် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ရင်းရဲကျေးရွာ၌ ဖွားမြင်ခဲ့ပါသည်။ ခမည်းတော် မယ်တော်တို့မှာ ဦးကံညွန့် ဒေါ်ကောင်းဆင့်တို့ ဖြစ်ကြပါသည်။

**သာသနာ့ဘောင်သို့ ဝင်ရောက်ခြင်း**

အသက်(၁၄)နှစ် အရွယ်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေ ပြုခဲ့ပါသည်။ အသက်(၂၀)၌ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ရင်းရဲရွာ ဦးမြင့်ထွန်း ဒေါ်ဆန်းကြည်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရဟန်းဘောင်သို့ တက်ရောက်ခဲ့ပါသည်။ ရှင်သာမဏေဥပဇ္ဈာယ် နှင့် ရဟန်းဥပဇ္ဈာယ် တာဝန်နှစ်ခုလုံးကို ရင်းရဲရွာ ကျောင်းထိုင်ဆရာတော် ဦးယောသိတက ယူခဲ့ပါသည်။

**ပညာသင်ယူခြင်း**

မုံရွာမြို့ မြို့မရွှေဂူပါဠိတက္ကသိုလ်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မုံရွာတက္ကသိုလ် (အဝေးသင်) နှင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တို့၌ ပညာသင်ယူခဲ့ပါသည်။

**ဘွဲ့ဒီဂရီများရရှိခြင်း**

၁၉၉၆-ခုနှစ်နှင့် ၂၀၀၃-ခုနှစ်တို့၌ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သာသနတက္ကသီလဓမ္မာစရိယ BA (Buddhism) နှင့် သာသနတက္ကသီလမဟာဓမ္မာစရိယ MA (Buddhism) ဘွဲ့များ အသီးသီး ရရှိခဲ့ပါသည်။ ၂၀၀၅-ခုနှစ်၌ မုံရွာတက္ကသိုလ်မှ BA (English)ဘွဲ့ ရရှိခဲ့ပါသည်။ ၂၀၀၉-ခုနှစ်၌ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ PhD (BDh)ဘွဲ့ ရရှိခဲ့ပါသည်။

**သာသနာ့တာဝန် ထမ်းဆောင်ခြင်း**

၁၉၉၂-ခုနှစ်တွင် ဇာတိကျေးရွာ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၉၉-ခုနှစ်တွင် သဲတောမြို့ မြတ်ဘုန်းရှင် ပရိယတ္တိစာသင်တိုက်၌ နာယက စာချတာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၃-ခုနှစ်မှ ယနေ့အထိ ရှင်အာစာရဟူသော ကလောင်အမည်ဖြင့် ဓမ္မစာပေများ ရေးသားလျက် ရှိပါသည်။ ၂၀၀၃-ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂိနယဌာန၌ နည်းပြတာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၉ခုနှစ်မှ ယနေ့အထိ စင်ပူနိုင်ငံ မင်္ဂလဝိဟာရကျောင်းတိုက်၌ သီတင်းသုံး နေထိုင်ရင်း ကျောင်းတိုက်၏ Sunday Dhamma School၌ အဘိဓမ္မာ ဘာသာရပ်ကို သင်ကြားပို့ချလျက် ရှိပါသည်။ ကျောင်းတိုက်၌ တည်ထောင်ဖွင့်လှစ်ထားသည့် Buddhist and Pali Collage of Singapore၏ ပါဠိဌာန၌ လက်ထောက်ကထိကတာဝန် ထမ်းဆောင်လျက် ရှိပါသည်။

**ဆက်သွယ်ရန် -**

Ph: 96409344

Email: ven.acara@gmail.com

Blog: http://www.mrmrt.info/

Facebook: Ashin Acara

---